# ခွန်ထွန်းဦး လွတ်မြောက်ရေး
# ရှမ်းပြည်နယ်ခေါင်းဆောင်များအား လွတ်မြောက်ရေး



တိုင်းရင်းသားလူမျိုးများ၏ အဓိကရည်မှန်းချက်မှာ တန်းတူညီမျှရေးနှင့် နိုင်ငံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိရေးတို့ပင်ဖြစ် သည်။ ဤရည်မှန်းချက်များ ရရှိနေသေးသရွေ့ မည်သည့်တိုင်းရင်းသားမျှ ပြည်ထောင်စုအတွင်း မှ ခွဲထွက်သွားမည်မဟုတ်ပါ။

စဝ်ခွန်ထွန်းဦး

ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD)

# ခွန်ထွန်းဦး လွတ်မြောက်ရေး
# ရှမ်းပြည်နယ်ခေါင်းဆောင်များအား လွတ်မြောက်ရေး

မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ်လာနိုင်ရေးအတွက် ငြိမ်းချမ်းစွာဖြင့် လှုံ့ဆော်ဆွေးနွေးနေကြသော ရှမ်းပြည်နယ် နိုင်ငံရေး ခေါင်းဆောင် ၁၀ ဦးတို့ကို နအဖစစ်အာဏာရှင်တို့မှ ဖမ်းဆီးသွားကြသည်မှာ တနှစ်ကျော်ပင်ရှိခဲ့ပြီဖြစ်ပါသည်။

၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက် မှ ၉ ရက်အတွင်း ဖမ်းဆီးခြင်းခံခဲ့ရသော ရှမ်းပြည်နယ် နိုင်ငံရေးခေါင်းဆောင်များထဲမှ ၁၉၉၀ ရွေးကောက်ပွဲတွင် ရှမ်းပြည်နယ်အတွင်း မဲအများဆုံးဖြင့်အနိုင်ရရှိခဲ့သော ရှမ်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ခေါင်းဆောင် စဝ်ခွန်ထွန်းဦး နှင့် ရှမ်းပြည်နယ် အေးချမ်းသာယာရေးကောင်စီ ဥက္ကဌ နှင့် ရှမ်းပြည်နယ်အတွင်းရှိ အပစ်အခတ်ရပ်စဲထားသော ရှမ်းလက်နက်ကိုင်မဟာမိတ် ခေါင်းဆောင် ဗိုလ်ချုပ် ဆေထင် တို့ဖြစ်ပါသည်။

၄င်းတို့အားပြန်လွှတ်ပေးရေးအတွက် နိုင်ငံတကာအသိုင်းအဝိုင်းတို့မှတောင်းဆိုခဲ့ကြသော်လည်း စဝ်ခွန်ထွန်းဦး နှင့် အခြား ရှမ်းပြည်နယ် နိုင်ငံ ရေးခေါင်းဆောင်များမှာ ဖမ်းဆီးချုပ်နှောင်ခံနေရဆဲပင်ဖြစ်သည်။ ၂၀၀၅ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့ လျှို့ဝှက်တရားစီရင်မှု အပြီးတွင် "နိုင်ငံတော် ပုန်ကန်မှု" ဖြစ်သော "တရားမဝင်စုရုံးမှု" ဖြင့် နှစ်ရှည်ထောင်ချခြင်းခံခဲ့ရသည်။

အသက် ၆၃ အရွယ် ခွန်ထွန်းဦးအား ထောင်ဒဏ် ၉၃ နှစ်၊ အသက် ၆၇ နှစ် အရွယ် ဗိုလ်ချုပ် ဆေထင်အား ၁၀၆ နှစ်၊ ရှမ်းအမျိုးသားများ ဒီမိုကရေစီ အဖွဲ့ချုပ်၏ အတွင်းရေးမှူး စိုင်းနွတ် ခေါ် စိုင်းညွန့်လွင်အား ၈၅ နှစ် နှင့် အခြား ရှမ်းပြည်နယ် နိုင်ငံရေးခေါင်းဆောင် များအား ၇၅ နှစ်စီ အသီးသီး ထောင်သွင်းအကျဉ်းချခံရန် အမိန့်ချမှတ်ခဲ့သည်။

ထပ်ဆင့်ပြစ်ဒဏ်များအနေဖြင့် အသီးသီးသော နိုင်ငံရေးခေါင်းဆောင်များအား မြန်မာနိုင်ငံ၏ ဒေသအသီးသီးရှိ အကျဉ်းထောင်များသို့ ပြောင်းရွှေ့ချုပ်နှောင်ထားကြသည်။ စဝ်ခွန်ထွန်းဦးအား မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်ရှိ ပူတာအိုအကျဉ်း ထောင်တွင်လည်းကောင်း၊ ဗိုလ်ချုပ် ဆေထင်အား မြန်မာနိုင်ငံ အနောက်မြောက်ပိုင်း စစ်ကိုင်းတိုင်းရှိ ခန္တီး အကျဉ်းထောင်တွင် လည်းကောင်း၊ စိုင်းနွတ် ခေါ် စိုင်းညွန့်လွင်အား စစ်ကိုင်းတိုင်းရှိ ကလေးမြို့ အကျဉ်းထောင် နှင့် အခြားခေါင်းဆောင်များကို မြန်မာနိုင်ငံအနောက်ပိုင်း ရခိုင်ပြည်နယ်ရှိ အကျဉ်းထောင်များသို့ အသီးသီးပြောင်းရွှေ့ချုပ်နှောင်ထားသည်။

ယင်းခေါင်းဆောင်များအထဲမှ ထောင်ဒဏ် ၇၉ နှစ်ဖြင့် ရခိုင်ပြည်နယ်သံတွဲအကျဉ်းထောင်သို့ အပို့ခံခဲ့ရသော အသက် ၅၉ နှစ် ဦးမြင့်သန်း သည် အလုပ်ကြမ်းလုပ်ရခြင်း၊ ညှင်းပမ်းနှိပ်စက်ခံရခြင်း၊လုံလောက်ပြည့်စုံသော ဆေးဝါးကုသမှုခံယူရခြင်းမရှိသည့်အတွက် မေလ ၂ ရက်နေ့ ၂၀၀၆ ခုနှစ် တွင် နှလုံးရောဂါ ဖြင့် ရုတ်တရက် အသက်ဆုံးရှုံးခဲ့ရသည်။

အမေရိကန်နိုင်ငံနှင့် ဥရောပသမဂ္ဂတို့မှ ဤသို့တရားမျှတမှုမရှိသော အပြစ်ပေးအရေးယူမှုကို ပြစ်တင်ရှုံ့ချခဲ့ကြသည်။ ၂၀၀၅ ခုနှစ် နိုဝင်ဘာ ၇ ရက်နေ့တွင် အမေရိကန်နိုင်ငံမှ "နိုင်ငံတွင်း စစ်မှန်သော အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီ နိုင်ငံတည်ဆောက်နိုင်ရေးသို့ ဦးတည်သော အဓိပါယ်ပြည့်ဝသည့် နိုင်ငံရေးဆွေးနွေးပွဲများတွင် အပြည့်အဝပူးပေါင်းပါဝင်နိုင်ရေးအတွက် စဝ်ခွန်ထွန်းဦးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့အပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံးအား ချွင်းချက်မရှိ ချက်ချင်း လွှတ်ပေးရန် တောင်းဆိုခဲ့သည်။

နအဖ စစ်အာဏာရှင်တို့မှ တရားမဝင်ဖမ်းဆီးချုပ်နှောင်၍ အကျဉ်းချထားသည့် အချို့သော ရှမ်းပြည်နယ်ခေါင်း ဆောင်များမှာ–

- စဝ်ခွန်ထွန်းဦး၊ ဥက္ကဌ၊ ရှမ်းအမျိုးသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD)
- စိုင်းနွတ် ခေါ် စိုင်းညွန့်လွင်၊ အထွေထွေအတွင်းရေးမှူး၊ ရှမ်းအမျိုးသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD)
- စိုင်းလှအောင်၊ အလုပ်အမှုဆောင် အဖွဲ့ဝင်၊ ရှမ်းအမျိုးသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD)
- စောဝ်တာဦး၊ အလုပ်အမှုဆောင် အဖွဲ့ဝင်၊ ရှမ်းအမျိုးသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD)
- ဗိုလ်ချုပ် ဆေထင်၊ ဥက္ကဌ၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးကောင်စီ (SSPC)
- ဦးမြင့်သန်း၊ ပြောရေးဆိုခွင့်ရှိသူ၊ မျိုးဆက်သစ်ရှမ်းပြည် (NGSS)
- ဦးထွန်းညို၊ မျိုးဆက်သစ်ရှမ်းပြည် (NGSS)
- ဦးဘတင်၊ Shan State National Races League for Democracy, (SSNRLD)
- စိုင်းမျိုးမင်းထွန်း၊ မျိုးဆက်သစ်ရှမ်းပြည် (NGSS)

## ကမ္ဘာအဝှမ်းလုံးရှိ ပြည်သူတို့မှ မိမိတို့၏ အစိုးရများကို တောင်းဆိုရန်မှာ–

- ဤသို့ တရားဥပဒေနှင့်မကိုက်ညီသော ပြစ်ဒါဏ်စီရင်ချက်ချမှတ်မှုများကို ပြစ်တင်ရှုံ့ချရန်နှင့် ခွန်ထွန်းဦးနှင့် ရှမ်းပြည်နယ်ခေါင်းဆောင်များအပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံးအား ချက်ချင်းလွှတ်ပေးရန်။
- တနိုင်ငံလုံးအတိုင်းအတာ အပစ်အခတ်ရပ်စဲရေးနှင့် အဓိပါယ်ပြည့်ဝသော နိုင်ငံရေးပြုပြင်ပြောင်းလဲရေးအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် စစ်မှန်သော တိုင်းရင်းသားလူမျိုးများ၏ ကိုယ်စားလှယ်များပါဝင်သော သုံးပွင့်ဆိုင်ဆွေးနွေးပွဲကို စတင်ရေးတို့အတွက် နအဖစစ်အာဏာရှင် အား ဖိအားပေးရန်။
- ကမ္ဘာ့ကုသမဂ္ဂ လုံခြုံရေးကောင်စီမှ မြန်မာနိုင်ငံအရေးကို အလေးထားဆောင်ရွက်ပေးရန်။

၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်မှ ၉ ရက် နေ့အတွင်း တောင်ကြီးမြို့နှင့် ရန်ကုန်မြို့တို့တွင်
နအဖစစ် အာဏာရှင်တို့မှ ဖမ်းဆီးချုပ်နှောင်၍ နှစ်ပေါင်းများစွာ အကျဉ်းချခံရသော
အချို့သော ရှမ်းပြည်နယ်ခေါင်းဆောင်များ



ခွန်ထွန်းဦး
**SNLD**



စိုင်းနွတ် (ခ) စိုင်းညွန့်လွင်
**SNLD**



စိုင်းလှအောင်
**SNLD**



စောဝ်တာဦး
**SNLD**



ဗိုလ်ချုပ် ဆေထင်
**SSPC**



ဦးမြင့်သန်း
**NGSS**



ဦးထွန်းညို
**NGSS**



ဦးဘသင်း
**SSNRLD**



စိုင်းမျိုးမင်းသန်း
**NGSS**

For further information please contact us at: **Free Hkun Htun Oo Campaign**
E-mail: <free_hkunhtunoo@yahoo.com> and
BO. Box. 176, Sanpakoi, 50000, Thailand